**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

စိုင်းလောင်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ အားရဲကျေးရွာအနီး မြေဧရိယာ (၁၁) ဧကတွင် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်ရေဆေးဇကာချခြင်းလုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

(Environmental Management Plan– EMP)၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်

**(Environmental Compliance Certificate–ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၄၀၁ )    ရက်စွဲ ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးတင်နွယ်<br>ဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - အမှတ်(၈၄)၊ မြို့ကွက်သစ်အပိုင်း၊ (က) မဲခေါင်ရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊<br>၀၉၅၂၄၀၁၁၇<br>စိုင်းလောင်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်ရေဆေးဇကောချလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - စီမံကိန်းဧရိယာ(၁၁)ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ အားရဲကျေးရွာအနီး |
| (ဆ) | **ECC သက်တမ်း** | - (၅) နှစ်<br>စတင်ထုတ်ပေးရက် - ၃၀-၉-၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် - ၂၉-၉-၂၀၂၇ |

(ဈ) **အတည်ပြုအစီရင်ခံစာ** - ရှမ်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၁-၁၁-၂၀၂၂ ရက်စွဲပါစာအမှတ်၊ ပတ်ဝန်းကျင်/ဆန်းစစ်-စက်မှု (၂၁၅၃/၂၀၂၂) ဖြင့် တင်ပြစာ

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင်စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည့်ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၁၁.၉.၂၀၂၃

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

## မင်းဂနီးစ်ဒိုဒ်အောက်ဆိုဒ်ရေဆေးဇကာချခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ


၁။ စိုင်းလောင်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ အားရဲကျေးရွာအနီး မြေရေိယာ (၁၁) ဧကပေါ်တွင် မင်းဂနီးစ်ဒိုဒ်အောက်ဆိုဒ်ရေဆေးဇကာချခြင်းလုပ်ငန်းအတွက် ရှမ်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှတစ်ဆင့် ၁၁-၁၁-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပတ်ဝန်းကျင်/ဆန်းစစ်-စက်မှု (၂၁၅၃/၂၀၂၂) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** ဦးတင်နွယ်၊ အမှတ်(၈၄)၊ မြို့ကွက်သစ်အပိုင်း၊ (က) မဲခေါင်ရပ်ကွက်၊ တာချီလိတ်မြို့၊ တာချီလိတ်ခရိုင်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ Mobile 09-5240117၊ email-nilarnagar9994@gmail.com ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် မြေရေိယာ (၁၁) ဧကတွင် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်ရောရာ မြေစာနှင့် ကျောက်ကုန်ကြမ်းများကို ကုမ္ပဏီပိုင် လုပ်ကွက်မှ တင်သွင်းမည်ဖြစ်ပြီး ကုန်ချောမင်းဂနီးစ်ဒိုင်အောက်ဆိုဒ်များကို ပြည်ပသို့ တင်ပို့မည်ဖြစ်ကြောင်း၊ တစ်ရက်လျှင် ကျောက်ကုန်ကြီး တန် (၃) ခန့်နှင့် နုန်းအနည်အနှစ်တန် (၆၀) ခန့်ကို ရေဆေးဇကာချ၍ ကုန်ချောမင်းဂနီးစ်ဒိုင်အောက်ဆိုဒ် တန် (၃၀) ခန့်ထွက်ရှိကြောင်း၊ တစ်နှစ်လျှင် လုပ်ငန်းလည်ပတ်ရက် (၂၀၀) ရက်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်များမှာ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်ရောရာမြေစာနှင့် ကျောက်ကုန်ကြမ်းများ စုဆောင်းခြင်း၊ ရေဆေးဇကာချစက်တွင် မင်းဂနီးစ်အောက်ဆိုဒ်များ ရေဆေးဇကာချခြင်း၊ ကုန်ချောများ စုပုံခြင်းနှင့် ရောင်းချခြင်း၊ စွန့်ပစ်ကျောက်မှုန့်၊ ရေနှင့် နုန်းအနည်အနှစ်များ စွန့်ပစ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စက်သုံးဆီများ၊ ချောဆီများ၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်ရောရာမြေစာနှင့် ကျောက်ကုန်ကြမ်းများ တို့ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ အားရဲကျေးရွာအနီး မြေရေိယာ (၁၁) ဧက မြေပုံအမှတ် 93P/14 (A-973955, B-975955, C-975957, D-973957) တည်ရှိပါသည်။




A - N 1195530, E 2997303

B - N 1195535, E 2997592

C - N 1195717, E 2997593


D - N 1195710, E 2997300

Area - 11 acres

Figure 1: Location Map of Project

# စိုင်းလောင်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ စီမံကိန်းတည်နေရာပြ ကောင်းကင်မြေပုံ




A - N 20°37'6.94", E 99°58'21.62"


B - N 20°37'7.10", E 99°58'30.77"

C - N 20°37'12.51", E 99°58'30.81"

D - N 20°37'12.31", E 99°58'21.52"

Area - 11 acres

## စိုင်းလောင်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်ရေဆေးဇကာချလုပ်ငန်းလုပ်ကိုင်သည့် စီမံကိန်းဧရိယာအတွင်း အဆောက်အဦနှင့် ဆက်စပ်အဆောက်အဦးများနေရာပြ (Layout Plan Map)




- ရေဆေးဇကာချစက် (N 20°37'10.90", E 99°58'26.88")
- သတ္တုရေဆေးကန် (N 20°37'10.70", E 99°58'26.19")
- နှံ့စစ်ကန်၊ ရေစစ်ကန်၊ ရေစုကန် (N 20°37'9.83", E 99°58'25.22")
- နှံ့နှင့်ရေခွဲခြားစက် (N 20°37'9.13", E 99°58'25.57")
- မီးစက် (N 20°37'10.28", E 99°58'26.69")
- ကျောက်မှုန့်စုပုံသည့်နေရာ (N 20°37'11.05", E 99°58'29.35")
- နှံ့အနည်အနှစ်စုပုံသည့်နေရာ (N 20°37'7.72", E 99°58'25.39")
- ကုန်ချောစုပုံသည့်နေရာ (N 20°37'9.13", E 99°58'22.51")
- ကုန်ကြမ်းစုပုံသည့်နေရာ (N 20°37'7.80", E 99°58'20.26")

နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ အားရဲကျေးရွာအနီး မြေဧရိယာ (၁၁) ဧကတွင် မင်းဂနီးစ်ဒိုဒ်အောက်ဆိုဒ် ရေဆေးဇကာချခြင်းလုပ်ငန်းအတွက် ရှမ်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၏ ၁၁-၁၁-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ပတ်ဝန်းကျင်/ဆန်းစစ်-စက်မှု (၂၁၅၃/ ၂၀၂၁) ဖြင့် ရှမ်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှတစ်ဆင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာ ဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများကို လိုက်နာရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** ဆောင်ရွက်မည့်နည်းစဉ်မှာ မင်းဂနီးစ်ဒိုင် အောက်ဆိုဒ်ရောရာ မြေစာနှင့် ကျောက်ကုန်ကြမ်းများကို ကုမ္ပဏီပိုင် လုပ်ကွက်မှ တင်သွင်းမည်ဖြစ်ပြီး ကုန်ချောမင်းဂနီးစ်ဒိုင်အောက်ဆိုဒ်များကို ပြည်ပသို့ တင်ပို့မည် ဖြစ်ကြောင်း၊ တစ်ရက်လျှင် ကျောက်ကုန်ကြီး တန် (၃) ခန့်နှင့် နုန်းအနည်အနှစ်တန် (၆၀) ခန့်ကို ရေဆေးဇကာချ၍ ကုန်ချောမင်းဂနီးစ်ဒိုင်အောက်ဆိုဒ် တန် (၃၀) ခန့် ထွက်ရှိကြောင်း၊ တစ်နှစ်လျှင် လုပ်ငန်းလည်ပတ်ရက် (၂၀၀) ရက်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်များမှာ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ် ရောရာမြေစာနှင့် ကျောက်ကုန်ကြမ်းများ စုဆောင်းခြင်း၊ ရေဆေးဇကာချစက်တွင် မင်းဂနီးစ်အောက်ဆိုဒ်များ ရေဆေးဇကာချခြင်း၊ ကုန်ချောများ စုပုံခြင်းနှင့် ရောင်းချ ခြင်း၊ စွန့်ပစ်ကျောက်မှုန့်၊ ရေနှင့် နုန်းအနည်အနှစ်များ စွန့်ပစ်ခြင်းများ ဆောင်ရွက် မည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း ဝင်ထွက်နေသော မော်တော်ယာဉ်များနှင့် စက်ယန္တရား များကြောင့် မီးခိုးနှင့် ဖုန်မှုန့်များထွက်ရှိခြင်းကို လျှော့ချရန်အတွက် အရည် အသွေးမြင့်သော လောင်စာဆီများ သုံးစွဲသွားရန်၊

(၂) ဆာလဖာထွက်ရှိမှု လျော့နည်းစေရန် ဆာလဖာပါဝင်မှုနည်းသော လောင်စာဆီများကို ရွေးချယ်သုံးစွဲသွားရန်၊

(၃) ဆီစားသက်သာစေရန်နှင့် အသုံးပြုသည့် စက်ယန္တရားများ အခိုးအငွေ့ ထွက်ရှိမှု နည်းပါးစေရန်အတွက် မော်တော်ယာဉ်များ၊ စက်ယန္တရာများ၏ စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကို မကြာခဏစစ်ဆေးပြုပြင်ဆောင်ရွက်သွားရန်၊

(၄) ဖုန်မှုန့်များပျံ့လွင့်မှုကို ထိန်းသိမ်းရန် လိုအပ်သောနေရာများတွင် တစ်နေ့လျှင် နှစ်ကြိမ် ရေဖျန်းသွားရန်၊

(၅) မော်တော်ယဉ်များ အရှိန်လျှော့မောင်းနှင်စေရေး ဆောင်ရွက်သွားရန်၊

(၆) မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်ပါဝင်သော နုန်းမြေများကို မိုးကာဖြင့် အုပ်၍ သယ်ယူခြင်း၊ ဝန်ထမ်းများအပေါ် ထိခိုက်မှုကို ရှောင်ရှားနိုင်ရန်အတွက် ဖုန့်မှုန်များ၊အခိုးအငွေ့များ၊အမှုန်အမွှားများနှင့် တိုက်ရိုက်ထိတွေ့ လုပ်ဆောင်နေချိန်များတွင် နှာခေါင်းစည်းများ စီစဉ်ပေးရန်၊

(၇) လုပ်ငန်းအနီး သဘာဝပေါက်ပင်များအား ရှင်သန်အောင်ပြုစုခြင်း၊ လေကာပင်များ စနစ်တကျစိုက်ပျိုးထားရှိခြင်းတို့ ဆောင်ရွက်သွားရန်။

(ဃ) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းအတွက် လိုအပ်သောနေရာများမှအပ အခြားသော မြေကွက်လပ်များ အပေါ်တွင် သဘာဝအတိုင်း ပေါက်ရောက်သော သစ်ပင်များကို ထိန်းသိမ်းရန် အကြောင်းမဲ့ ခုတ်လှဲခြင်း မရှိစေရေး တားမြစ်သွားရန်၊

(၂) မြေဆီလွှာကို ထိခိုက်စေနိုင်သော လောင်စာဆီများ၊ ချောဆီများ ဖိတ်စင်ခြင်း မရှိစေရန် အထူးဂရုပြု ဆောင်ရွက်သွားရန်၊

(၃) စက်ပစ္စည်းယန္တရားများနှင့် မော်တော်ယာဉ်များတွင် အသုံးပြုသော လောင်စာနှင့် စက်သုံးဆီများအား စနစ်တကျ ထိန်းသိမ်းသွားရန်၊

(၄) လုပ်ငန်းအတွင်း အဆောက်အဦများ ဆောက်လုပ်ရန်လိုအပ်သည့် မြေနေရာကိုသာ ရှင်းလင်းသွားရန်၊

(၅) နုန်းအနည်အနှစ်များကို သတ်မှတ်ထားသော စုပုံကွင်းတွင် ရေမစိမ့်ဝင်နိုင်သော HDPE မိုးကာနှင့် ရွှံ့စေးမြေတို့ဖြင့် အောက်ခံ၍ စနစ်တကျ စုပုံသွားရန်၊

(၆) ဒေသခံများ၏ လယ်ယာမြေများအတွင်းသို့ ကျရောက်မှုမရှိစေရန် အထူးကြပ်မတ်ဆောင်ရွက်သွားရန်။

(င) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းမှ ထွက်ရှိလာသော နုန်းပါသည့်ရေများကို ရေစစ်ကန်၊ နုန်းစစ်ကန် မှတစ်ဆင့် ပန့်ဖြင့် နုန်းနှင့်ရေခွဲခြားသောစက်သို့ ပို့ဆောင်ပြီး ၎င်းမှထွက်ရှိ

၁၂

လာသည့် ရေအား ရေစုကန်တွင် သိုလှောင်ကာ လုပ်ငန်းတွင် ရေပြန်စနစ်ဖြင့် ပြန်လည်အသုံးပြုသွားရန်၊

(၂) ရေဆေးဇကာချစက်မှ ထွက်ရှိလာသော ရေများကို ပြင်ပသို့ စီးထွက်မသွားစေရန် ရေကန်များ၏ အောက်ခြေတွင် ရွှံ့စေးများ၊ HDPE Liner များခင်းပြီး အတားအဆီး နံရံများကိုလည်း သင့်တော်သော ပမာဏထိရောက်အောင် တည်ဆောက်သွားရန်၊

(၃) စားဖိုဆောင်နှင့်ဝန်ထမ်းများ သုံးရေ၊ ချိုးရေများမှ ထွက်ရှိသောရေများကို ရေဆိုးစွန့်ပစ်ကျင်းများအတွင်းသို့ မြောင်းများသွယ်၍ ပို့ဆောင်ပြီး နည်းစနစ်တကျ စွန့်ပစ်သွားရန်၊

(၄) ရေဆိုးစွန့်ပစ်ကျင်းများမှ ရေများအား အနည်ထိုင်စေပြီး ရေကြည်များကို စိုက်ခင်းရေလောင်းခြင်း၊ ပျိုးပင်ရေလောင်းခြင်းတွင် ပြန်လည်အသုံးပြုသွားရန်၊

(၅) စက်ပစ္စည်းယန္တရားများနှင့် မော်တော်ယာဉ်များတွင် အသုံးပြုသောလောင်စာနှင့် စက်သုံးဆီများအား စနစ်တကျ သိုလှောင်ထိန်းသိမ်းသွားရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံနှင့်တုန်ခါမှု လျော့နည်းစေရန် ညအချိန်တွင် လုပ်ငန်းလုပ်ဆောင်ခြင်း မပြုလုပ်ဘဲ နေ့အချိန်တွင်သာ လုပ်ငန်းဆောင်ရွက်သွားရန်၊

(၂) စက်ပစ္စည်းများမှ စက်ပိုင်းဆိုင်ရာ ကြွခိုင်မှုများကို ကောင်းစွာ ထိန်းသိမ်းဆောင်ရွက်သွားရန်၊

(၃) စက်များမှ ထွက်ရှိသည့် အသံကို စုပ်ယူနိုင်သည့် အသံလုံစနစ် ဆိုင်လင်ဇာဖြင့် အိတ်ဇောပိုက်များ၊ အင်ဂျင်လေတိုင်ကီ အဝင်နှင့် အိတ်ဇောအထွက်များတွင် အသံလုံစနစ်များ တပ်ဆင်သွားရန်၊

(၄) လုပ်ငန်းဆောင်ရွက်ချိန်တွင် လက်ခံနိုင်သော ကြိမ်နှုန်း (dBA) စံချိန်စံညွှန်းများအတိုင်း ကိုက်ညီသော အသံလုံစနစ်များ တပ်ဆင်သွားရန်၊

(၅) လုပ်ငန်းခွင်၌ လုပ်သားများအား နားအုပ်ကိရိယာများ တပ်ဆင်လုပ်ကိုင်စေရန်။

(ဆ) **ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် ထိခိုက်မှုနည်းစေရန်အတွက် သစ်တောကြိုးဝိုင်းများ၊ ဘေးမဲ့တောများကို ရှောင်ရှားသွားရန်၊

(၂) စီမံကိန်းကြောင့်ဇီဝမျိုးစိတ်များကိုထိခိုက်မှုလျော့နည်းစေရန် မော်တော်ယာဉ်များအား ဖောက်လုပ်ထားသော လမ်းများအပေါ်တွင်သာ သွားလာစေရန်၊

(၃) မလိုအပ်ဘဲ သစ်တော၊ သစ်ပင်များကို ရှင်းလင်းခြင်းမပြုလုပ်ဘဲ၊ လုပ်ငန်းအတွက် လိုအပ်သော ဧရိယာအတွင်းရှိ သစ်ပင်များကိုသာ ရှင်းလင်းသွားရန်၊

(၄) လုပ်သားများနှင့် ဒေသခံများ ထင်းနှင့်လောင်စာ လိုအပ်ချက်အတွက် သစ်ခုတ်ခြင်းများ မပြုလုပ်ရန် တားမြစ်သွားမည်ဖြစ်ပြီး တက်နိုင်သမျှ ထင်းလျှော့ချရန်၊ ထင်းအစားထိုးလောင်စာများ သုံးစွဲရန် ပညာပေးအစီအစဉ်များလည်း ပြုလုပ်သွားရန်၊

(၅) လုပ်သားများ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ သဘာဝအလျောက် မီးလောင်ခြင်းများ မဖြစ်စေရန်အတွက် လုပ်သားများ ဆေးလိပ်အကြွင်းအကျန်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းနှင့် မီးဘေးအန္တရာယ်ဖြစ်စေနိုင်သော အပြုအမူများကို သတိလက်လွတ်လုပ်ဆောင်ခြင်း မရှိစေရန် တင်းကြပ်မည်ဖြစ်ကြောင်း၊ အကယ်၍ ဖြစ်ပွားပါက အရေးပေါ်လုပ်ဆောင်ရမည့် အစီအစဉ်များနှင့် ပတ်သက်၍ လုပ်သားများကို သင်တန်းပေးရန်၊

(၆) လုပ်သားများကို ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းများလည်း ပို့ချဆောင်ရွက်သွားရန်၊

(၇) သစ်ပင်များကို လိုအပ်ပါက ပြန်လည်စိုက်ပျိုးခြင်းများ ဆောင်ရွက်သွားရန်။

(ဇ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်မတော်တဆမှုများ ဖြစ်ပွားမှုလျော့နည်းစေရန် လုပ်သားများပေါ့ဆမှု မရှိစေရေး၊ စက်ပစ္စည်းများ ချို့ယွင်းမှုမရှိစေရေး ကြီးကြပ်သွားမည်ဖြစ်ပြီး လုပ်သားများအား လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရန် နည်းပညာကျွမ်းကျင်မှု၊ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများ ပို့ချသွားရန်၊

(၂) လျှပ်စစ်နှင့်ပတ်သက်သော ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ကျွမ်းကျင်လုပ်သားများအား တာဝန်ပေး၍ လျှပ်စစ်နှင့်ပတ်သက်သော စစ်ဆေးပြုပြင်ခြင်းများကိုလည်း စနစ်တကျ ဆောင်ရွက်သွားရန်၊

(၃) ဖုန်မှုန့်များ၊ အမှုန်အမွှားများ၊ အခိုးအငွေ့များနှင့် ကြာရှည်စွာ ထိတွေ့နေရသူများအား နှာခေါင်းစည်းများ တပ်ဆင်စေခြင်းနှင့် ဆူညံသံ၊ တုန်ခါမှုများနှင့် ကြာရှည်စွာ ထိတွေ့သူများအား နားကြပ်များ တပ်ဆင်စေခြင်း ဆောင်ရွက်သွားရန်၊

(၄) ရေဆေးဇကာချစက်တွင် လုပ်ကိုင်သော လုပ်သားများအတွက် လက်အိတ်များ အသုံးပြု၍ ကိုင်တွယ်စေရန်၊

(၅) မတော်တဆအခြေအနေများ ကြုံတွေ့လာပါက အရေးပေါ် ဆေးသေတ္တာနှင့် ဆေးဝါးများအား ထားရှိပေးရန်။

(ဈ) **လူထုပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဒေသခံများ ယာဉ်အန္တရာယ်လျော့ချရန် ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေများကို လိုက်နာစေခြင်း၊ လူများသွားလာနေသောနေရာများတွင် အရှိန်ထိန်း၍ မောင်းနှင်စေခြင်းများ ပြုလုပ်သွားရန်၊

(၂) ယခင်တည်ရှိနေသော ရှိရင်းစွဲလမ်းများ ထိခိုက်မှုနည်းစေရန်အတွက် လမ်းများအပေါ်တွင် အရှိန်ထိန်း၍ မောင်းနှင်ခြင်းများ ပြုလုပ်သွားရန်၊

(၃) ညအချိန် ယာဉ်ကြီးများ သွားလာခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ခြင်းများ ဆောင်ရွက်သွားရန်။

(ည) **ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို အောက်ခံမြေများအား HDPE မိုးကာနှင့် ရွှံ့စေးမြေများဖြင့် ပြုလုပ်ထားသော ကျင်းများအတွင်းသို့ စနစ်တကျ ထုပ်ပိုး၍ စွန့်ပစ်သွားရန်၊

(၂) စွန့်ပစ်ကျင်းများကို ရေမစိမ့်ဝင်နိုင်သော ရွှံ့စေးမြေများဖြင့် ပြန်လည်ဖုံးအုပ်သွားရန်၊

(၃) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်သွားရန်။

(ဋ) **စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာရမည်-

(၁) လုပ်ငန်းမှ ထွက်ရှိသော နုန်းအနည်အနှစ်များကို HDPE မိုးကာနှင့် ရွှံ့စေးများ ခင်းထားသော သတ်မှတ်ထားသော စုပုံကွင်းတွင် အစောင်း (၄၅) ဒီဂရီဖြင့် စနစ်တကျ စွန့်ပစ်သွားရန်၊

(၂) ပလတ်စတစ်အမှိုက်၊ စားဖိုဆောင်နှင့် လူသုံးကုန်ပစ္စည်းများမှ စွန့်ပစ်ပစ္စည်းများကို လူနေဆောင်နံဘေး (၂၀) ပေအကွာ (၁၀) ပေ ပတ်လည်တွင် မြေသားကျင်းတူး၍ စနစ်တကျ စွန့်ပစ်သွားရန်၊

(၃) စွန့်ပစ်ဆီဟောင်းများအား စိမ့်ထွက်ပျံ့နှံ့မှု မရှိစေရေးနှင့် ပတ်ဝန်းကျင်အတွင်း စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ရှားရန်။

(ဌ) **မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးချိတ်၊ မီးကပ်၊ ရေပုံးများ၊ ရေစုကန်၊ သဲအိတ်များကို အလုံအလောက်ထားရှိပေးရန်၊

(၂) စီမံကိန်းဧရိယာအတွင်း တောမီးကူးစက်ခြင်းမရှိစေရန် မီးတားလမ်းများဖောက်လုပ်သွားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့မှ လုပ်ငန်းခွင်အား အမြဲစစ်ဆေးပေးခြင်းဖြင့် ကြိုတင်ကာကွယ်ဆောင်ရွက်သွားရန်၊

(၄) မီးဘေးကာကွယ်ရေးအဖွဲ့နှင့် အရေးပေါ်မီးငြိမ်းသတ်ရေးအဖွဲ့တို့ ဖွဲ့စည်းသွားရန်၊

(၅) ဝန်ထမ်းများအား ဒေသဆိုင်ရာ မီးသတ်ဦးစီးဌာနနှင့် ညှိနှိုင်း၍ မီးငြိမ်းသတ်ရေး သင်တန်းများ ပို့ချသွားနိုင်ရေး ဆောင်ရွက်သွားရန်။

(၃) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေပေါ်ရေအရည်အသွေး နှင့်ပတ်သက်၍ အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလတွင် စီမံကိန်းအနီးတောင်ကျရေ၊ Filtration machine သို့ ဝင်သွားသောရေတို့အား pH, Turbidity, Conductivity, TDS, TS, Temp, COD စသည့် Parameters တို့ဖြင့် (၆) လ (၁) ကြိမ် တိုင်းတာခြင်းများ ဆောင်ရွက်သွားရန်၊

(၂) မြေအောက်ရေ အရည်အသွေးနှင့်ပတ်သက်၍ အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလတွင် စီမံကိန်းအတွင်း အဝီစိတွင်းရေအား pH, Turbidity, Conductivity, TDS, TS, Temp, COD စသည့် Parameters တို့ဖြင့် (၆) လ (၁) ကြိမ် တိုင်းတာခြင်းများ ဆောင်ရွက်သွားရန်၊

(၃) လေအရည်အသွေးနှင့်ပတ်သက်၍ အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလတွင် စီမံကိန်းဧရိယာအတွင်း တိုင်းတာခဲ့သည့်နေရာများ၌ CO, $NO_2$, $PM_{10}$, $PM_{2.5}$, $SO_2$ စသည့် Parameters တို့ဖြင့် (၆) လ (၁) ကြိမ် တိုင်းတာခြင်းများ ဆောင်ရွက်သွားရန်၊

(၄) မြေအရည်အသွေးနှင့်ပတ်သက်၍ အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလတွင် စီမံကိန်းဧရိယာအတွင်း တိုင်းတာခဲ့သည့်နေရာများ၌ (၆) လ (၁)ကြိမ် တိုင်းတာခြင်းများ ဆောင်ရွက်သွားရန်၊

(၅) ဆူညံသံ၊ တုန်ခါမှုနှင့် ပတ်သက်၍ အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလတွင် စီမံကိန်းဧရိယာအတွင်းတိုင်းတာခဲ့သည့်နေရာများ၌ မိုးရာသီမှအပ လစဉ်တိုင်းတာခြင်းများ ဆောင်ရွက်သွားရန်၊

(၆) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလများတွင် အမှိုက်ကျင်းနှင့် ရေဆိုးစွန့်ပစ်ကျင်းများ၌ (၆) လ (၁) ကြိမ်တိုင်းတာခြင်းများ ဆောင်ရွက်သွားရန်၊

(၇) ဂေဟစနစ်နှင့်ပတ်သက်၍ အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလတွင် စီမံကိန်းဧရိယာအတွင်းနှင့် အနီးပတ်ဝန်းကျင်နေရာများ၌ (၆) လ (၁) ကြိမ် တိုင်းတာခြင်းများ ဆောင်ရွက်သွားရန်၊

(၈) လူမှုပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ကာလ၊ ပိတ်သိမ်းပြီးကာလများတွင် စီမံကိန်းနှင့် ဆက်စပ်လျက်ရှိသော အနီးပတ်ဝန်းကျင်တွင် ကျေးရွာများ၌ (၆) လ (၁) ကြိမ်တိုင်းတာခြင်းများ ဆောင်ရွက်သွားရန်။

(ဃ) **စက်ရုံပိတ်သိမ်းပြီးနောက်စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းပိတ်သိမ်းစဉ်ကာလတွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးပေးရန်၊

(၂) လုပ်ငန်းပိတ်သိမ်းခြင်းများ ပြုလုပ်နေစဉ် လောင်စာဆီ၊ ချောဆီများ အများအပြားဖိတ်စင်ခြင်းမရှိစေရန် လုပ်သားများအား စနစ်တကျ သိမ်းဆည်းရန် ညွှန်ကြားခြင်းများ ပြုလုပ်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများကို ပြန်လည်ရောင်းချ၍ရသော စွန့်ပစ်ပစ္စည်းများကို ပြန်လည်ရောင်းချ၍ မရသောပစ္စည်းများကို သတ်မှတ်အမှိုက်စွန့်ပစ်ရမည့် နေရာများသို့ သွားရောက်စွန့်ပစ်ရန်။

(င) စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်၊ ထိခိုက်မှုလျော့ပါးရေးအစီအစဉ်၊ အရေးပေါ် ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်၊ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း အစီအစဉ်၊ အများပြည်သူအတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်း အစီအစဉ်အတွက် ရန်ပုံငွေ လျာထားချက် ကျပ် (၂၀၃) သိန်း လျာထား အသုံးပြုရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု

ဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှောက်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေးဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(၁) စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ ပိုဒ် (၁.၁) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ အပိုဒ် (၁.၂) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်။

(ဂ) အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မအစီအစဉ် (National Waste Management Strategy and Master Plan) နှင့်အညီ စီမံကိန်းအဆိုပြုသူအနေဖြင့် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်-

(၁) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်ပစ္စည်းများ၊ မီလ္လာအညစ်အကြေးများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်၊

(၂) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာဌာနမှ စွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့် ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု မရှိစေရေး လိုက်နာဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၄) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်။

(ဃ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရိစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

၃၂

(င) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခုထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းရေိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

၁၅

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရသတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤ ECC နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(၉) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဈ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်နိုင်မှုရရှိသည်အထိဆောင်ရွက်ပေးရန်နှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ည) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်

စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကိုလိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကိုဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့်နည်းလမ်းဖြင့်ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ဝက်ဘ်ဆိုဒ်တွင်

လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေးခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေးခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကိုစစ်ဆေးခြင်း၊ ဒီဂျီတယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့်ပတ်သက်၍ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်း အဆိုပြုသူမှကျခံရန်။

၂၂

သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၁၀) ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက် ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလ အတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှ တစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ် ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များတွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့်အတည်ပြုခြင်းများအတွက် အခြေခံအချက်များထုတ်ဖော်ခဲ့စဉ်ကမျှော်မှန်း ထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါကထည့်ဝင်ရန်၊

၃၅

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရန်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---